ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ( ၂၈ ) ရက်။

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## (၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆။)

၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့ များနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲ ဖော်ပြ ထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ၂ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကိုစီမံခန့်ခွဲရန်မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

၂၈.၁၁

ဒေါက်တာအောင်မိုးညို

ဝန်ကြီးချုပ်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၂၂၅၈.၆၁၅ | | | ၁၂၅၉၇.၅၅၂ | | | | | ၁၄၈၅၆.၁၆၇ |
| ၂ | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၁၅.၅၈၂ | | | | | | | | ၁၅.၅၈၂ |
| ၃ | ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၁၀.၇၈၁ | | | ၃.၇၀၀ | | | | | ၁၄.၄၈၁ |
| | ပေါင်း | | | ၂၂၈၄.၉၇၈ | | | ၁၂၆၀၁.၂၅၂ | | | | | ၁၄၈၈၆.၂၃၀ |

## တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၈၁.၆၈၇ | | | ၁၀၉.၂၅၀ | | | | | ၁၉၀.၉၃၇ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၁၀၉.၂၅၀ | | | | | ၁၀၉.၂၅၀ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၀.၅၆၄ | | | | | | | | ၂၀.၅၆၄ |
| | | ၃ | မီးသတ်ဦးစီးဌာန | | ၆၁.၁၂၃ | | | | | | | | ၆၁.၁၂၃ |
| ၂ | ၂ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၂၉.၂၇၅ | | | | | | | | ၂၉.၂၇၅ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၃.၂၇၇ | | | | | | | | ၃.၂၇၇ |
| | | ၄ | သမဝါယမဦးစီးဌာန | | ၂၅.၉၉၈ | | | | | | | | ၂၅.၉၉၈ |
| ၃ | ၃ | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | | | | ၇.၆၃၀ | | | | | ၇.၆၃၀ |
| | | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | ၇.၆၃၀ | | | | | ၇.၆၃၀ |
| ၄ | ၄ | | ကျန်းမာရေးနှင့်အားကစား | ၎င်း | | | | ၂၂.၀၀၀ | | | | | ၂၂.၀၀၀ |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | | ၂၂.၀၀၀ | | | | | ၂၂.၀၀၀ |
| ၅ | ၅ | | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | | | | ၁၂.၄၄၀ | | | | | ၁၂.၄၄၀ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | | ၁၂.၄၄၀ | | | | | ၁၂.၄၄၀ |
| ၆ | ၆ | | ဆောက်လုပ်ရေး | ၎င်း | | | | ၁၀၃၈.၉၀၄ | | | | | ၁၀၃၈.၉၀၄ |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၂.၀၀၀ | | | | | ၂.၀၀၀ |
| | | ၂ | လမ်းဦးစီးဌာန | | | | | ၁၀၃၆.၉၀၄ | | | | | ၁၀၃၆.၉၀၄ |
| ၇ | ၇ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၄၉.၂၀၇ | | | ၁၈၆၀.၇၀၈ | | | | | ၂၁၀၉.၉၁၅ |
| | | | ပေါင်း | | ၃၆၀.၁၇၉ | | | ၃၀၅၀.၉၃၂ | | | | | ၃၄၁၁.၁၁၁ |

# တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | လျှပ်စစ်နှင့်စွမ်းအင် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၀.၉၀၀ | | | ၂၃၈၄.၃၃၀ | | | | | ၂၃၈၅.၂၃၀ |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၀.၉၀၀ | | | ၂၃၈၄.၃၃၀ | | | | | ၂၃၈၅.၂၃၀ |
| | | ပေါင်း | | ၀.၉၀၀ | | | ၂၃၈၄.၃၃၀ | | | | | ၂၃၈၅.၂၃၀ |